ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# အမိန့်ကြော်ငြာစာ

အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်
အမှတ်၊ ၅ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီ လ ၁၈ ရက်)

## မြေငှားရမ်းသူများမှ ငှားရမ်းခကြိုတင်ပေးငွေ (Advance Rent Payment) ပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြေငှားရမ်းသူများမှ ငှားရမ်းခကြိုတင်ပေးငွေ (Advance Rent Payment) ပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် မြေ၊ အဆောက်အအုံနှင့် မတည်အပိုင်ပစ္စည်းများကို ငှားရမ်းအသုံးပြုသူမှ ထိုမြေ၊ အဆောက်အအုံနှင့် မတည်အပိုင်ပစ္စည်းများငှားရမ်းမှုအတွက် ပေးချေသော ကြိုတင်ပေးငွေပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးသွင်းရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့အနက်အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ဝန်ဆောင်မှုဆောင်ရွက်သူများ (မြေ၊ အဆောက်အအုံနှင့် မတည်အပိုင်ပစ္စည်းများ ငှားယူခြင်းအတွက် ကြိုတင်ငှားရမ်းခပေးချေသူများအပါအဝင်) အပေါ်တွင် အကျိုးသက်ရောက်စေပါသည်။

### သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်များ

၄။ **အငှားချထားသူ** ဆိုသည်မှာ မိမိပိုင်ဆိုင်သည့်ပစ္စည်း တစ်ခုခုကို ငှားရမ်းခ တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုမို၍ ရယူပြီး အငှားချထားသောပစ္စည်းပိုင်ရှင်ကို ဆိုလိုပါသည်။

၅။ **အငှားပိုင်ဆိုင်သူ** ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ငှားရမ်းခတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ အငှားချထားသူသို့ ပေးချေပြီး ငှားယူသူကို ဆိုလိုပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၆။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဒ) နှင့် (ဓ) တို့တွင် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ၊ ကုန်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ တင်သွင်းသူ၊ ကုန်းပေါ်ရောက်တန်ဖိုး၊ ကုန်သွယ်မှု၊ ကုန်သွယ်မှုဆောင်ရွက်သူ ဟူသော စကားရပ်တို့၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၄ တွင် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဆောင်ရွက်မှုများကို ပြဋ္ဌာန်းထားပြီး အဆိုပါကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရန်တာဝန် နှင့်စပ်လျဉ်း၍ ပုဒ်မ ၅ တွင် လည်းကောင်း၊ ကျသင့်သည့်အခွန်နှုန်းနှင့် အခြေခံတွက်ချက်ရမည့် သတ်မှတ်ချက်များ ကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (င) တို့တွင်လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ ကုန်သွယ်လုပ်ငန်းခွန်သည် ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ တင်သွင်းလာသော ကုန်စည်ကို ပြန်လည်ရောင်းချခြင်းနှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းတို့အတွက် ကုန်စည် ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ကုန်စည်တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းအတွက် ဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေအပေါ်တွင်လည်းကောင်း ကျသင့်ခြင်းဖြစ်ပါသည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် **ကုန်စည်** ဆိုသည်မှာ ပြည်ပမှ တင်သွင်းသောပစ္စည်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ္စည်းကို ဆိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

(ဂ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည် ဟု ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန်တာဝန်သတ်မှတ်ချက်**

၇။ အငှားချထားသူက မိမိပိုင်ဆိုင်သည့် မတည်ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုကို အငှားပိုင်ဆိုင်သူ ထံသို့ အငှားချထားခြင်းသည် အငှားပိုင်ဆိုင်သူကို ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ ငှားရမ်းအသုံးပြု သော မ-တည်ပစ္စည်းနှင့် ပိုင်ဆိုင်မှုများအတွက်ပေးရသော ငှားရမ်းခအပေါ်တွင်ကောက်ခံသည့် ကုန်သွယ် လုပ်ငန်းခွန်သည် စီးပွားရေးလုပ်ငန်းများ၏ ပုံသေပိုင်ပစ္စည်းနှင့် မတည်အပိုင်ပစ္စည်းများ မဟုတ် သောကြောင့် ခုနှိမ်ခွင့်ရပါသည်။ မတည်ပစ္စည်းများ အငှားချထားမှုအတွက် ကျသင့်သည့် ကုန်သွယ် လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်ဖြစ်၍ ရောင်းချမည့် ကုန်စည်နှင့်ဝန်ဆောင်မှုကို ထုတ်လုပ်ရန် အသုံး ပြုမည့် မတည်ပစ္စည်းငှားရမ်းမှုအတွက် ပေးချေခဲ့ရသော ငှားရမ်းခကြိုတင်ပေးငွေ ပေးချေခဲ့သည့်

ကုန်သွယ်လုပ်ငန်းခွန်ကို ပစ္စည်း ပြန်လည်ရောင်းချရာတွင် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်မှ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၊ စည်းမျဉ်း ၄၂ အရ ခုနှိမ်ရာတွင် ၂-၁၁-၂၀၁၈ ရက်စွဲပါ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက် အမှတ်၊ ၄/၂၀၁၈ နှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## နမူနာဖြစ်စဉ်

White Company နှင့် Black Company တို့သည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ကုန်သွယ်လုပ်ငန်းခွန်အတွက် မှတ်ပုံတင်ထားပါသည်။ White Company သည် Black Company ထံမှ Hotel တိုးချဲ့ဖွင့်လှစ်ရန်အတွက် မြေကွက်ငှားရမ်းခဲ့ပါသည်။ မြေကွက်ငှားရမ်းမှုသက်တမ်းသည် ၂၅ နှစ်ဖြစ်ပါသည်။ Black Company သည် White Company ထံမှ (၁၀) နှစ်စာ မြေငှားခ ကြိုတင်ပေးငွေရရှိလိုပါသည်။ မြေငှားခ ကြိုတင်ပေးငွေသည် ကျပ် ၂၄၀,၀၀၀,၀၀၀/- ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၂,၀၀၀,၀၀၀/- ကျသင့်ပါသည်။ White Company သည် Black Company သို့ စုစုပေါင်းငွေပမာဏကို ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၁ ရက်နေ့တွင် ပေးချေပါသည်။ အဆိုပါ ငှားရမ်းထားသော မြေကွက်ပေါ်တွင် White Company သည် Hotel ဆောက်လုပ်ဆဲကာလအတွက် မူလ Hotel လုပ်ငန်းလုပ်ကိုင်ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအထိ Hotel လုပ်ငန်းမှ ဝန်ဆောင်မှုရငွေ ၁၀၀,၀၀၀,၀၀၀/- ကျပ် ရရှိခဲ့သည်။

### ဤအဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာသတ်မှတ်ချက်ကိုကျင့်သုံးခြင်း

White Company သည် Black Company သို့ ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၁ ရက်နေ့ ကတည်းက ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းထားပြီး ၎င်း၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ Hotel လုပ်ငန်း ဝန်ဆောင်မှုရငွေများအပေါ်တွင် ကောက်ခံထားသော ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် ရှိပါသည်။ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်သည် ခုနှိမ်ခွင့်ရှိသော ပမာဏ ၁၂,၀၀၀,၀၀၀/- ကျပ်ထက် လျော့နည်းကောက်ခံရရှိခြင်းဖြစ်ပါက White Company သည် ကျန်အခွန်ပမာဏကို နောင်နှစ်များတွင် ဆက်လက်ခုနှိမ်နိုင်ရန် သယ်ဆောင်ခွင့်ရှိပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ကို ဆက်လက် ခုနှိမ်ပေးသွင်းရန် မရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက ကြိုတင်ပေးချေချိန်၌တွင်သာ ခုနှိမ်လိုလျှင် ဖြစ်စေ၊ ခုနှိမ်ရန်ကျန်အခွန်ငွေကို စည်းကြပ်နှစ်အတွက် လုပ်ငန်း၏ အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးပါသည်။ White Company သည် Black Company ၏ ငှားရမ်းခကြိုတင်ပေးငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းထားသည့် သက်သေအထောက် အထားဖြစ်သော (ကသခ-၃၁) ကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။

၈။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပါသည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၂(၇)/ ဥစ-၁/ ပတခ/ ၂၀၁၉ (၄၁၈၇)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေ လ ၁၈ ရက်

<u>ဖြန့်ဝေခြင်း</u>

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ